


# မင်းတုန်းမင်းတရားကြီး၏အတ္ထုပ္ပတ္တိ

သရာအို

the key collection press

စာအုပ်မှတ်တမ်း

the key collection ဒုတိယအကြိမ် အောက်တိုဘာ ၂၀၁၁

the key collection တတိယအကြိမ် စက်တင်ဘာ ၂၀၁၈

ထုတ်ဝေသူ the key collection

ပုံနှိပ်သူ COLOR STONES

အုပ်ရေ ၅၀၀

တန်ဖိုး ၂၅၀၀ ကျပ်

စာအုပ်ချုပ် ကိုမြင့်

မျက်နှာဖုံး ပုံတူပန်းချီ မှတ်သုံ

book designed by mgsithu

the key collection ၉၂၀

မင်းတုန်းမင်းတရားကြီး၏အတ္ထုပ္ပတ္တိ / ဆရာအို

-- ရန်ကုန်၊ the key collection ၂၀၁၈။

၁၁၃ စာ၊ ၁၄.၅ x ၂၁ စင်တီမီတာ။

၁။ မင်းတုန်းမင်းတရားကြီး၏အတ္ထုပ္ပတ္တိ

QR Code 978 - 99999 - 10 - 05 - 6

# မင်းတုန်းမင်းတရားကြီး၏ အတ္ထုပ္ပတ္တိ

စိုက်ပျိုးရေးဦးစီးဌာန
စာကြည့်တိုက်
ရုံးအမှတ်(၄၃)
နေပြည်တော်

Myanma Agriculture Service
Central Agricultural Library
Acc No.
Date

ဆရာအို

အမှာစာ

လွန်ခဲ့သော နှစ်ပေါင်း (၈၅) နှစ်၊ (၁၉၂၆) ခုနှစ်က မြန်မာပညာရှိ ဆရာအိုသည် ကုန်းဘောင်ခေတ် မန္တလေးရတနာပုံ နေပြည်တော်ကြီးကို ထုဆစ် ပုံဖော်ခဲ့သည့် မင်းတုန်းမင်းတရားကြီး၏ အတ္ထုပ္ပတ္တိ (ဤစာအုပ်) ကို ရေးသား ထုတ်ဝေခဲ့သည်။

အုပ်ရေအားဖြင့်လည်း (၁၀၀၀) သာ ထုတ်ဝေ ဖြန့်ချိသည်ဟု အမှတ်အသား တွေ့ရသည်။

ရေးသားပုံ တင်ပြနည်း အသုံးအနှုန်း ဝေါဟာရမှစ၍ အတွေးအမြင်တို့မှာ လွန်ခဲ့သည့် (၈၅) နှစ်က အရိပ်အငွေ့များ သန်းနေသော်လည်း ထူးခြား၍ တန်ဖိုး မဖြတ်နိုင်သော သမိုင်းဆိုင်ရာ အချက်အလက်များကို ဤစာအုပ်မှာ အထင်အရှား တွေ့ရှိရသည်။

ဥပမာ – အခန်း (၁၁)။ ရတနာပုံမြို့ကြီး တည်ဆောက်ရာတွင် ထုံးတမ်းစဉ် လာ နန်းမှုနန်းလျာ ကိစ္စဝိစ္စများကို တိတိကျကျ မှတ်ထား လေ့လာ တင်ပြထား သည်မှာ အံ့ဘနန်းရှိသလို ရှေးမြန်မာဘုရင်များ၏ အစ္ဆုတ္တ၊ ဓလေ့၊ စရိုက်များကို လည်း ကွက်ကွက်ကွင်းကွင်း တင်ပြထားသည်။

ဆရာအိုသည် ဤစာအုပ်ကို မင်းတုန်းမင်းကြီး၏ အတ္ထုပ္ပတ္တိဆိုသည်ထက် ကုန်းဘောင်ခေတ်နှောင်း မန္တလေးရတနာပုံ အရှုပ်အထွေးများအား အလေးပေး ပုံ ဖော်ပြထားသည်။

များမြောင်လှသော မင်းဆွေမင်းမျိုးများသည် တိုင်းရေးပြည်ရေးထက် အာဏာရရှိရေးကို ဦးစားပေးကာ အုပ်စုဖွဲ့ အနိုင်ကျင့်မှုများ၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ ရန်လိုမုန်းထား တိုက်ခိုက်မှုများအား တိတိကျကျ လှစ်ပြသည်။

သက္ကရာဇ်၊ ကိန်းဂဏန်း၊ အချိန်နာရီမှစ၍ အမည်နာမအဆုံး စေ့ငု သေချာ စွာ တင်ပြထားသော စာရေးဆရာ ဆရာအို၏ လေ့လာ မှတ်သားထားပုံတို့ကို အံ့ဘနန်း တွေ့ရှိရသည်။

မိဖုရား (၄၉) ပါး၊ သားတော် (၅၄) ပါး၊ သမီးတော် (၆၀)၊ မြေးတော် (၃၈)၊ မြေးမိန်းမ (၄၅)၊ စုစုပေါင်း မြေး (၂၄၈) တို့အား မျိုးဆက် ထားရစ်၍ မင်းတုန်းမင်းကြီး သက်တော် (၆၄) နှစ် (၄) လ (၆) ရက်တွင် နတ်ရွာစံခဲ့သည်။

သက္ကရာဇ် (၁၂၄၀) ပြည့်နှစ် သီတင်းကျွတ်လဆန်း (၈) ရက်နေ့တွင် သားတော် သီပေါမင်း တိုင်းပြည်နိုင်ငံအလုံးကို သိမ်းမြန်း စိုးစံတော်မူသည်။

ဤတွင် ကုန်းဘောင်ခေတ်နှောင်း ရတနာပုံ မန္တလေး နေပြည်တော် နန်းတွင်းရေး လှိုင်းတံပိုးများ၊ အဆုံးစွန် ထကြွပြင်းထန်လာတော့သည်။ ထို့အကြောင်းချင်းရာများကို ဆရာအိုသည် သိပ်သိပ်သည်းသည်း ကွင်းကွင်းကွက်ကွက် တင်ပြသည်။

သီပေါမင်း လက်ထက် စီးပွားရေး နိုင်ငံရေး (နိုင်ငံခြားဆက်ဆံရေး) ဘာသာရေးများကိုလည်း မလစ်လပ်ရအောင် ရှုထောင့်စုံမှ တင်ပြထားသည်။ ဆရာအိုသည် အချက်အလက်နှင့် ကိန်းဂဏန်းများကို အလေးပေးထားသည်။ ဤအချက်အလက်များကပင် စာအုပ်၏ မဲပြာပုဆိုး အတ္ထုပ္ပတ္တိများထဲက ထူးခြား ရှန်းထွက်မှု တစ်ရပ် ဖြစ်ပေသည်။

> (၁၂၈၉) ခုနှစ်၊ နတ်တော်လပြည့်ကျော် (၆) ရက်၊ ညသန်းခေါင်ကျော် (၇) ရက်သို့အဝင် သက်တော် (၅၈) နှစ် (၇) ရက်လျှော့တွင် အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့တော်၌ သီပေါမင်း နတ်ရွာစံခြင်းအားဖြင့် ကုန်းဘောင်ခေတ် နိဂုံးကမ္ပတ် အဆုံးသတ်ရလေတော့သည်။ ဒါက ကုန်းဘောင်ခေတ် မင်း (၁၁) ဆက်၏ နိဂုံး။
>
> ဤသို့ ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး ဘုရားသည် သိုက်၊ ဓါတ်၊ နိမိတ်အရ ဖန်ဆင်းတည်ဆောက်တော်မူသော မန္တလေး နေပြည်တော်ကြီးမှစ၍ မင်းညီမင်းသား၊ မြေးတော်၊ မြစ်တော်၊ မှူးတော်၊ မတ်တော်၊ ဆရာတော်၊ သင်္ဃာတော်၊ မထေရ် သူမွန်သူမြတ် အပေါင်းတို့ပါ သာသနာတော်ကြီး ပျက်စီး တိမ်းယိမ်း၍ ဓမ္မတာ သင်္ခါရ လောကဓံ အဌ သဘာဝတို့အလိုက် ပျက်စီးတတ်သော အနိစ္စတရားမှ မလွန်နိုင်သည်ဖြစ်၍ နိုင်ငံတော်ကြီးနှင့်တကွ သာသနာတော် ညှိုးနွမ်း ဆုတ်ယုတ်ရလေသတည်း။

ဆရာကြီးက အထက်ပါစာပိုဒ် (မူရင်းအတိုင်း) ဖြင့် မင်းတုန်းမင်းတရားကြီး အတ္ထုပ္ပတ္တိကို အဆုံးသတ်ထားပါသည်။ စာအုပ်တစ်အုပ်လုံးအား မူရင်း (အရေးအသား၊ သတ်ပုံမှစ၍ အားလုံးမူရင်း) အတိုင်း ပြန်လည် ရိုက်နှိပ် ထုတ်ဝေရာမှာ . . .

လွန်ခဲ့သော နှစ်ပေါင်း (၈၅) က မြန်မာစာပေ အရေးအသားစာလုံးပုံစံ အပိုဒ်ခွဲပုံ စာလုံးပေါင်းသတ်ပုံမှ စ၍ ယနေ့ခေတ် သုတေသီများ လေ့လာ သိရှိနိုင်ရန် ရည်ရွယ်ပါသည်။ အထက်တွင် တင်ပြခဲ့သည့် အတိုင်း ပထမအကြိမ် ရိုက်နှိပ်စဉ်က အုပ်ရေ (၁၀၀၀) တည်းသာ ဖြစ်၍ စာအုပ်မှာ ရှားပါးနေပါပြီ။

ထိုကြောင့်–ထို့ကြောင့်–ကျွန်တော်များ စာအုပ်တိုက်မှ ဤ "မင်းတုန်းမင်းတရားကြီး အတ္ထုပ္ပတ္တိ" အား မူရင်းအတိုင်း ထုတ်ဝေ ဖြန့်ချိလိုက်ပါသတည်း။

The Key စာတည်းအဖွဲ့

မန္တလေး–ရတနာပုံ။
ပဉ္စမမြို့တည်-နန်းတည်၊ပဉ္စမသင်္ဂါယနာတင်
အသျှင်–မင်းတုန်းမင်းတရားကြီး၏
အကြောင်းအရာအဋ္ဌုပ္ပတ္တိများ
မှတ်သားကြပါစေခြင်း
အကျိုးငှာ။
ကျွန်ုပ်တို့-သမဝါယမ
ပိဋကတစာပုံနှိပ်တိုက်ကြီးက။
ကောင်းမွန်မှန်ကန်စွာရာဇဝင်စာတမ်း
မှတ်တမ်းအရ။မြန်မာ–ပညာရှိ–ဆရာအရို။
ရေးသားစီမံအပ်သော။

# မင်းတုန်းမင်းတရားကြီး၏

# အဋ္ဌုပ္ပတ္တိ။

ကို

အမျိုးသားတို့ပတ္တမြား-မျက်ရှင်။ထက်ဝယ်တင်သို့။
ခင်မင်နှစ်သက်စွာ။ကြည့်ရှုမှတ်သားကြပါစေရန်။
ပုံနှိပ်ထုပ်ဆောင်ပြုလုပ်ပါသည်။
ပဌမနှိပ်ခြင်း ၁၀၀၀

သမဝါယမပိဋကတ၊စာပုံနှိပ်တိုက်။
၈၄–လမ်း။ကျောက်သွေးတန်း မန္တလေးမြို့။
1926.

# သုတေသနနိဒါန်း။

ပေါတ္ထကာဒီနိခေတ္တံ ဝ။သေလါနိယုဂနင်္ဂလံ။ အက္ခရာနိဗီဇံက တွာ၊ စရန္တောပဏ္ဍိတောဘဝေ။ ။ဟုဓမ္မနီတိတွင်လာ၏။ ။

ပေါတ္ထကာဒီနိ၊ ပေ-ပုရပိုက်-စက္ကူစသည်တို့ကို၊ ခေတ္တံဝ၊ လယ်ယာကဲ့သို့ ကတွာ။ပြု၍။သေလါနိ၊ကညစ်-ကန့်ကူ-ခဲတန်-မှင် တွန်တို့ကို။ယုဂနင်္ဂလံ၊ထမ်းပိုးထွန်တုံးကဲ့သို့။ ကတွာ၊ပြု၍၊အက္ခ ရာနိ။ရေးပြီး-မှတ်ပြီးသောစာအက္ခရာတို့ကို၊ ဗီဇံ၊ မျိုးစေ့ကဲ့သို့၊ ကတွာပြု၍၊စရန္တော။သွားသောသူသည်။ ပဏ္ဍိတော။ ပညာရှိ သည်၊ ဘဝေ။ ဖြစ်၏ဟူ၍ ၄င်း။

သု-စိ-ပု-ဘာ ပိလိ ရတ္တော၊ နသောပဏ္ဍိတော ဘဝေ၊ စ ရန္တော။ ဆဋ္ဌုမေဓဝ္မှာ။ ပုဏ္ဏစန္ဒောဝသောဘတိ၊ ။ဟူ၍ ၄း

သု စိ ပု-ဘာ-ပိလိရတ္တော၊နာခြင်း-ကြံစည်ခြင်း-မေးမြန်းခြင်း ပြောဆိုခြင်း-ဖြေခြင်း ရေးမှတ်ခြင်းတို့မှလွတ်ကင်းသော၊သော၊ ဟိုသူသည်၊ ပဏ္ဍိတော၊ ပညာရှိသည်။နဘဝေ၊ မဖြစ်ရာ။ဆ၊ ခြောက်ပါးကုန်သော။ ဋ္ဌုမေဓဝ္မှာ။ဤအကြောင်းတို့ကို။စရန္တော ဆောင်ရွက်လေ့လာသည်ရှိသော် ပုဏ္ဏစန္ဒောဝ။ လပြည့်ဝန်းကဲ့ သို့၊သောဘတိ၊ထွန်းလင်းတင့်တယ်၏။

သဒ္ဒနီတိ၌ကာပိလေးပါးအကြောင်းကား၊ ၊ဝိဂ္ဂဟေတွာကရဏံ ဝိဂ္ဂဟာ။သုတေနည့်ကတံသုတံ။ဥပဓာရိယသုတ္တမတ္တေဝ။ ဌာနုပုဗ္ဗိစ ပဋ္ဌိမော။ဟူ၍လာ၏၊ ။ဝိဂ္ဂဟေတွာ။ဝဏ္ဏ၊အနုသန္ဓေကို ကြာမြင့် စွာကြံ၍၊ကရဏံ။ပြုခြင်းသည်။ဝိဂ္ဂဟာ။ဝိဂ္ဂဟာကာပိမည်၏၊သုတေန။ တရံတခုကိုကြားသဖြင့်။အညံ၊ကြားသည်မှတပါး။မကြားသည် ကို။အနုသန္ဓိတွာ။စပ်၍၊ကတံ။ပြုခြင်းသည်။သုတံ၊ သုတကာပိမည် ၏။အတ္တံ။တရံတခုသောအနက်ကို။ဥပဓာရိယ၊ရုံစမ်း၍၊သဒ္ဒံပ ပိဋ္ဌာရကကရဏာဒိဝသေန။ချုံ့ခြင်း-ချဲ့ခြင်းစသည့်၏ အစွမ်းဖြင့်

ကရဏာ ။ ပြုခြင်းသည်။ အဋ္ဌသာ။ အဋ္ဌကာဝိမည်၏၊ ဗွာနုပ္ပတ္တိစ။ ဝေစုံတရပြုသည်ကိုမြင်၍။ ထိုနှင့်အတူမိမိပညာဖြင့် တခဏာခြင်း ဖြစ်စေသည်ကား။ ပဋ္ဌိမော။ အဆုံးဖြစ်သော။ ပဋိဘာဏကဝိ။ ပဋိ ဘာဏကဝိမည်၏၊ ကြွေနိပါတ်ဝဋ္ဋဇာတ်၌။ ။အစိန္တယန္တော။ မကြံမစည်သော။ ပုရိသော၊ ယောကျ်ားသည်၊ ဝိသေသံ၊ ပညာဗဟု သုတအထူးကိုနအဓိဂစ္ဆတိ၊ မရ။ ။ဟူ၍ဆိုသောကြောင့်၊ ဤ လောက၌၊ အလုံးစုံသောယောကျ်ားကောင်းတို့သည်။ အထက် ကပြဆိုခဲ့သော။ ပညာဗဟုသုတနည်းကောင်းနည်းမြတ်တို့ကို။ မှတ်သားနာယူလေ့လာအပ်ပေသတည်း။ ။

ဘုန်းပညာ-လက္ခဏာနှင့်ပြည့်စုံတော်မူသော။ မင်းတုန်းဘုရင် ပစ္ဆိမသင်္ဂါယနာတင်မင်းတရားကြီး၏၊ အဋ္ဌုပ္ပတ္တိများကို။ နေ - လ ၂ ပါးကဲ့သို့ဘဒ္ဒကပ်ကမ္ဘာတည်သမျှကာလပတ်လုံးတဉ်ထွန်းစေ ခြင်းငှါ၎င်း။ နောက်သားနောင်လာသုတေသနတို့။ လက်ဝါးပြင်၌။ ပြက်ပြက်ထင်တင်။ သိမြင်မှတ်သား။ ကြပါစေခြင်းငှါ၎င်း။ ။ဘွဲ ဘို့မင်းတရားကြီးလက်ထက်ကစ၍၊ မှူးကြီးမတ်ကြီးစသောအစဉ် အဆက်၊ သီပေါမင်းတရားလက်ထက်တိုင်၊ ဘိုးဘွားမိဘ၊ ဆွေ မျိုးစဉ်ဆက်၊ ခေါ်တမ်းရွက်၍။ ရွှေနန်းရွှေမြို့၌၊ အစဉ်ကြီးပွါး၍လာ ရခြင်း။ မဟာခေမိကာရာမ တိုက်တော်ကြီး အရှင်၊ ဒုတိယ သစ်ဆိမ့်ဆရာတော်ဘုရားကြီးထံ၌၊ ငုနစ်နှစ်သားက ၁၄ နှစ်သား ထိ၊ ပညာတော်ရင်နို့ကို။ သောက်ပိုရခြင်း။ ၁၄-နှစ်သားကစ၍၊ အသက်-၂၀-ထိ။ နရိန္ဒာဘိဓဇအတုလမိပတိသီရိပဝရမဟာဓမ္မ ရာဇာဓိ၊ ရာဇဂုရု။ မင်းလှူတံဆိပ်သုံးတပ်အလှူတော်ကို ခံရသော ဆီးဘန်နီဆရာတော်ဘုရားကြီး၏ပညာတော်ရင်နို့ကို သောက်ပို ခဲ့ရခြင်း စသော။ အာစာရကုလပုတ္တ။ ဇာတိကုလပုတ္တဖြစ်သော။ စာပြင်ဆရာအယ်ဒီတာ။ ဆရာဖိုးသည်၊ လောကုတ္တရာပညာများ ကိုသင်ကြားပြီးနောက်၊ သက္ကရာဇ်နယ်သတ်ပုံဆရာဖြစ်သော။ ရာဇဝင်တော်ရေး။ စာရေးတော်ခေါင်း။ ပညာရှိကြီး၊ လွှတ်တော် အမှာတော်ရေးကြီး။ သံတော်ဆင့်ကြီး။ နေမျိုးမင်းတင်သီဟသူထံ၌

# သုတေသနနိဒါန်း၊

မင်း၊ရေးမင်းရာအဖြာဖြာမှစ၍၊ရာဇဝင်၊ဇာတ်နိပါတ်။ ပျို့၊ကဗျာ ထက်ာ၊ဧချင်း-မော်ကွန်းရတု၊သတ်ညွှန်းသတ်ပုံ၊ စာစီစာကုန်း၊ စာဘတ်စာရေးတို့ကို၊နှုရူပဒေသအဖြစ်ဖြင့်။ ရွှေလွှတ်တော်တွင် ၇-နှစ်တိုင်၊ သင်ကြားတတ်မြောက်ခဲ့ပြီးနောက်၊ ၆-ဖြာသောစာရေး တော်အင်္ဂါကျွမ်းကျင် လိမ္မာသည့်အလျောက်၊ တရားရုံး၊ ရာဇ ဝတ်ရုံး၊လွှတ်တော်၊လယ်ရုံး၊ ဗြဲတိုက်တော်တို့၌၊ စာရေးတော်အ ဖြစ်ရေးမှတ်ထမ်းရွက်ခဲ့ရသောကြောင့်၊ ပဌမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးအကြောင်းတော်ကို၊ ရွှေတိုက်စာတမ်းစ သည်တို့မှ-တွေ့ရှိဘတ်ကြား။မှက်သားခဲ့ရသည့်အတိုင်း မဘိမ် ကော မပျောက်မပျက်ပါစေခြင်းငှါ၊ ဤအမှုပ္ပတ္တိအကြောင်းအ ရာတော်ကို ရေးသားစီမံသားသည်ကို၊ ကျွန်ုပ်တို့ သမဝါယမ ဟိတစာပုံနှိပ်တိုက်မှ၊ပုံနှိပ်လုပ်ဆောင်ပါသဖြင့်၊ ပညာလိုလား အမျိုးသားတို့၊မှတ်သားကြည့်ရှုပါစေကုန်သတည်း၊

## မင်းတုန်းမင်း၏အခွန်ပြွတ္တိအရာအကြောင်းအရာ
## မာတိကာ။

စာကြည့်တိုက်
ရုံးအမှတ်(၄၃)
နေပြည်တော်

၁ ပဏ္ဏာမ-၂-ဂါထာပါဠိနိသျ၊
၁ မင်းတုန်းမင်းကိုဘွားမြင်တော်မူ၍၊ မင်းသားတို့ တတ်အပ်သော ပညာတော်ကို သင်ကြားခြင်း အကြောင်း၊ ၃
၂ မင်းတုန်းမင်း၊ ကနောင်မင်းတို့ကို အမှုရှာကြံ၍၊ ရတနာသင်္ဘော့ထွက်ခြင်းအကြောင်း၊ ၅
၃ ရတနာသင်္ဘော့မြို့မှ၊ အမရပူရမြို့ကို၊ တိုက်ယူခြင်း အကြောင်း။ ၆
၄ သာသနာပိုင်ခန့်ခြင်း၊ အမရပူရသို့ပြောင်းစံခြင်း၊ အိမ်ရှေ့ပေးခြင်း၊ ဝန်ကြီးခန့်ခြင်း၊ လှံ့စကြာဆက်ခြင်း၊ ပဋ္ဌာန်းမြားတော်ဆက်ခြင်း၊ ဒုက္ကိယရာဇဝင်ရေးခြင်းအကြောင်း။ ၇
၅ ဦးကင်တော်ဖွင့်ခြင်း၊ တံဆိပ်နာမံခံခြင်း၊ ရာဇသံလာခြင်း၊ ပိဋကတ်တော်ရေးခြင်း၊ မိတ္တိလာကန်ကြီးပေါက်ခြင်းအကြောင်း။ ၉
၆ မန္တလေးအရပ်သို့၊ မြတ်စွာဘုရား-၂ ကြိမ်မြော်ကြွလာခြင်းအကြောင်း။ ၉
၇ မင်းတုန်း မင်းတရားကြီး မန္တလေးမြို့ကို တည်ထောင်စံနေရန်အကြံဖြစ်ခြင်းအကြောင်း။ ၁၀
၈ မန္တလေးတောင်သို့၊ဆရာတော်များနှင့်၊ပိဋကတ်စာပေ၊ဓါတ်တော်၊ ရုပ်ပွါးတော်တို့ကိုပင့်ဆောင်၍၊ ယာဂီရွှေ့ပြောင်းခြင်း၊ မြို့နန်းရာကိုကြည့်ရှု၍၊ ပုံစံရေးခြင်း၊နန်းမြို့ဆောက်လုပ်ခြင်းအကြောင်း၊ ၁၅
၉ သစ်တပ်တိုင်စိုက်ထူခြင်း၊ မိဖုရားခေါင်ကြီးနှင့်၊ ညီတော် အိမ်ရှေ့ မင်းတို့၊ မန္တလေးသို့ ရွှေ့ပြောင်းခြင်း၊ နန်းမြို့ ဆောက်ရန် ကိရိယာသုံ ဆောင်ခြင်းအကြောင်း၊ ၁၆

၁၀ နန်းတော် ပြာသာဒ်တိုင်ကို မိုးကြိုးစခြင်း။ ပလ္လင်တော်ရှစ်ရပ်ထုလုပ်ခြင်း၊ ထွတ်တော်သိမ်းခြင်း၊ ဓါတ်တိုင်၊ ကြေငှန်းတိုင်၊ ဗဟိုရ်စည်၊ ဓါတ်စည်၊ မင်းကြားစည်တို့ကိုထုလုပ်ခြင်း။ နန်းတော်ပြီး၍ နန်းသိမ်းခြင်း၊ သီပေါမင်းသားကို ဘွားမြင်ခြင်း အကြောင်း။ ၁၇

၁၁ မြို့ကြီး-၄ ထောင့်ဆီအိုးမြှုပ်ခြင်း၊ မြို့ရိုးအုတ်မြစ်ချခြင်း၊ သူရဲခိုသိမ်တောင်နှင့် ပြကွက် မှတ်ခြင်း။ ဓါတ်တံခါး-၁၂-ချပ်အမည်တတ်ခြင်း။ သီပေါမင်းမိဖုရားခေါင်းကြီးအလောင်း၊ မင်းသမီးဘွားခြင်းအကြောင်း။ ၁၉

၁၂ မန္တလေးမြို့ကို ဗိဂြိုဟ်ဝ စနုတ် ပြုလုပ်ခြင်းအကြောင်း။ ၂၂

၁၃ သုံးဆယ်မင်းသား ရန်ကုန်သို့ ထွက်သွားခြင်း၊ အင်္ဂလိပ်တို့နှင့် မဟာမိတ် စာချုပ်ခြင်း၊ မဟာလောကမာရဇိန်ဘုရား ရွှေထီးအလှူ တင်ခြင်း၊ အကြောင်း။ ၂၄

၁၄ အမရပူရမြို့ရှိ ပိဋကတ် စာပေတို့ကို၊ မန္တလေးတောင်ပိဋကတ်တိုက်သို့ သွင်းနှံခြင်း။ ကျောက်တော်ကြီးဘုရားထုလုပ်ခြင်း၊ ပိဋကတ်သုံးပုံပါဠိအဋ္ဌကထာတို့ကို ရေးသားခြင်း၊ ငွေဒင်္ဂါးဒေါင်းတံဆိပ်သွန်းလုပ်ခြင်း။ သာသနာပိုင် ဦးညဏယျ ပြန်လွန်တော်မူခြင်းအကြောင်း။ ၂၄

၁၅ မြင်ကွန်းမင်းသား၊ မြင်းခုံတိုင်မင်းသားတို့ပုန်ကန်ရန်တိုင်ပင်ကြခြင်း၊ လယ်ထွန်မင်္ဂလာထွက်တော်မူခြင်းအကြောင်း၊ ၂၅

၁၆ နန်းမြေဘုံ သာစံနန်းတော်တွင်၊ မင်းသား-၁၃-ပါးတို့ကို၊ အရက်ထန်းရေ မသောက် မစားရန်

# မာတိကာခေါင်းစဉ်

သစ္စာမိဋ္ဌာန်ပြုစေခြင်း၊ ညီတော် မြင်းသုံတိုင်မင်း
သားတို့ခမည်းတော်၊ဘထွေးတော်တို့ကိုလုပ်ကြံ
ရတိုင်ပင်ခြင်းအကြောင်း၊ ၂၈
၁၇ တိတ်ကြီး-နမိတ်ကြီးများပြသည့်အကြောင်း၊ ၃၀
၁၈ အိမ်ရှေ့မင်းနှင့်၊ မလွန်မင်းသား၊ ပြင်စည် မင်း
သား၊ စကုမင်းသားစသော၊မှူးတော်မတ်တော်
ကြီးတို့ကို၊ မြင်ကွန်းမင်းသား၊ မြင်းခုံတိုင်မင်း
သားတို့လုပ်ကြံကြံခြင်းအကြောင်း။ ၃၁

၁၉ မင်းတုန်းမင်းတရားကြီး၊ ပွဲတော်ဆောင်မှာ၊ သား
တော်သမီးတော်မှူးတော်မတ်တော်များနှင့်၊စံနန်း
တော်အနောက်တံခါးက ထွက်ရာ၊ ငပိုက်ကြီး
နှင့်တွေ့၍၊ငပိုက်ကြီးကိုစီးပြီးမှ၊ မြင်းတော်နှင့်၊နန်း
တော်သို့ဝင်တော်မူခြင်းအကြောင်း၊ ၃၂
၂၀ အိမ်ရှေ့တော်တပ်နှင့်တွေ့၍၊မြင်ကွန်းမင်းသားတို့
ဦးထိပ်တံခါးက အတွင်းမြို့တွင်းသို့ ဝင်ပြီးလျှင်၊
နန်းတော်သစ်တပ် ရွှေတော်ယု တံခါးဗိုလ်ကို
သတ်၍ထွက်တော်ကိုစီးပြီးလျှင်၊ ရွှေနန်းတော်အ
အတွင်းပြင် တိုက်ခိုက်၍ အရေးတောင်းခြင်းအ
ကြောင်း။ ၃၃
၂၁ မြင်ကွန်းမင်းသား။ မြင်းခုံတိုင်မင်းသားတို့သည်၊
ရွှေမြို့တော် တောင်မျက်နှာ၊ ရန်နည်း တံခါးက
ထွက်ပြေး၍၊ဧရာဝတီမြစ်ဆိပ်တွင်ရေးနန်းစကြာ
ဗိုးသင်းဘောသို့တက်၍ ဖါးကွပ်ပြီးလျှင်။ မင်းလှ
ရောက်ရန်ပြေးခြင်းအကြောင်း၊ ၃၆
၂၂ ရွှေမြို့တော်ကရေနံချောင်းအတွင်းဝန် ၊ပုဂံမြို့က
ရပ်တန့်ခြင်း၊ အိမ်ရှေ့ဝန် ပခန်းကြီး မြို့စားဝန်။
ပန်ထောက် တို့ အသီးသီး တောင်တွင်း ကြီး

## မာတိကာခေါင်းစဉ်


ထောင်ဘက်ကိုးခရိုင်တို့ကို စောင့်နေအုပ်ချုပ် ရ
ခြင်းအကြောင်း၊ ၃၇
၂၃ မြင်ကွန်းမင်းသားစွဲကိုင်သည့်ဓါးနှင့် သင်းဘော
ဘောင်ကို၊ အင်္ဂလိပ်ဝန်ကြီး ဘယ်ယာဆက်သလာ
ခြင်း၊ မြင်ကွန်းမင်းသားတို့အောက်မြို့ ကျေးရွာ၊
ကရင်ရိုင်းများနှင့် ပေါင်းသင်းစည်းကြပ်၍၊ နိုင်ငံ
တော်ရှိ၊ နယ်ကို၊ ဖျက်ဆီးတိုက်ခိုက်ခြင်း။ အင်္ဂလိပ်
တို့ကဘမ်း၍၊ ကပ္ပလီကျွန်းသို့ပို့ခြင်း အကြောင်း။ ၄၀
၂၄ ပန်းတိမ်းမင်းသားတို့ပုန်ကန်ခြင်းအကြောင်း၊ ၄၂
၂၅ ဘဝရှင်မင်းတရားကြီးကစစ်ငါးကြောင်း၊ ခန့်ရန်
စောင့်နေစေ၍၊ ပန်းတိမ်းစားတို့တပ်ကို၊ ခုခံတိုက်
ခိုက်စေခြင်းအကြောင်း၊ ၄၉
၂၆ ပန်းတိမ်း မင်းသားတို့ထံသို့၊ သာသနာပြု ဆရာ
တော်များကို၊ ၂ ကြိမ်စေလွှတ်၍ခေါ်စေခြင်း။ မ
လိုက်ခြင်းထပ်မံ၍၊ မှူးမတ်ဗိုလ်စစ်ကဲတို့ကိုတိုက်
ခိုက်ရန်စေလွှတ်စောင့်နေခြင်းအကြောင်း။ ၅၁
၂၇ ပန်းတိမ်းမင်းသားကို သိမ်တောရွာမြစ်နားတွင်
ဘမ်းမိခြင်း၊ ထောင်မှာအကျဉ်းထားခြင်း၊ လွှတ်
တော်ကသုံးတန်း ပေးခြင်းအကြောင်း၊ ၅၆
၂၈ အိမ်ရှေ့မင်းကြီးအလောင်းကို၊ စန္ဒာမုနိတွင်၊ သွင်း
နှံခြင်းနှင့်သားတော်သမီးတော် များအကြောင်း။ ၆၀
၂၉ ပဋ္ဌမသင်္ဂါယနာတင်ခြင်း၊ ဘိသိက်ခံခြင်း။ သီပေါ
မင်းပဌမသုံးကြိမ်ပြန်ဆိုခြင်း။ မမာတော်မူခြင်း။
သီပေါမင်း အိမ်ရှေ့ပေးခြင်း။ သံဝဏ္ဏယအလျှ
တော်များကို၊ သတ်ကြားလျှောက်ခြင်း၊ မင်းသား
တို့ကို ဘမ်းဆီး ချုပ်နှောင်ခြင်း၊ သီပေါမင်းနန်း
တက်ခြင်း။ မင်းသားအပေါင်းကို လက်သုံးတော်
တို့၊ ကွပ်မျက်ခြင်းအကြောင်း။ ၆၁

## မာတိကာခေါင်းစဉ်


၃၀ ထီးရုံတော်များထားခြင်း။ သားတော် သမီးတော်
ဘွား၍ မြေပုခက်တင်ခြင်း။ ထီးဆောင်း မင်္ဂလာ
အိသိက်ခံခြင်း။မယ်တော်ဘုရားနတ်ရွာစံခြင်း။မိုး
နဲ့စော်ပွား ပုန်ကန်ထကြွခြင်း၊ သီပေါစော်ပွား
ရန်ကုန်သို့ထွက်သွားခြင်းများအကြောင်း၊ ပုဂံ
မင်းနတ်ရွာစံခြင်း၊ သားတော်ကျောက်ရောဂါနှင့်
နတ်ရွာစံခြင်းအကြောင်း။ ၆၅
၃၁ မြော်ထားဝယ်ဂိုလ် ရနောင်မောင်တုပ်၊ ခန်းပတ်
မင်းကြီးတို့ရာဇဝတ် သင့်ခြင်း။ တောင်ဘော်ဆ
ရာတော်ကို သာသနာပိုင်ခန့်ခြင်း၊ စစ်ကိုင်းဘက်
သို့ထွက်တော်မူခြင်း၊(၁၀) မြောနခရိုင်ဝန်ခန့်ထား
ခြင်း။ဒုတိယ–တတိယ - စတုတ္ထ သမီးတော်များ
ဘွားမြင်၍မြေပုခက်တော်တင်ခြင်း။မဟာမြတ်မုနိ
ဘုရားကြီးကိုမိုးလောင်ခြင်းများအကြောင်း၊ ၆၆
၃၂ တံဆိပ်တော်ရ ဆရာတော်တို့ကို၊ တံဆိပ်ငါးမျိုး
လှူခြင်း။ထောင်ထခြင်း၊သကျသီဟရုပ်ပွားတော်
ပင့်ခြင်း။အလုံမြို့နယ်က၊ ဒါးမြသူပုန်ထကြွခြင်း။
ဗန်းမော်မြို့သို့၊တရုပ်တို့ပင်ရောက်တိုက်ခိုက်ခြင်း
အကြောင်း။ ၆၇
၃၃ ထောင်ငှသစ်လုပ်ကုမ္ပဏီအင်္ဂလိပ်တို့နှင့်၊ သစ်မှ
ငွေအတွက်စကားများ၍၊ စစ်ဖြစ်ပွားခြင်း၊ အင်္ဂ
လိပ်တို့မန္တလေးသို့သင်းဘောအများဆန်တက်၍
သီပေါမင်းကိုယူပြီးလျှင်၊ အိန္ဒိယနိုင်ငံမဒ္ဒရပ်သို့
ဆောင်ယူခြင်းအကြောင်း၊ ၆၈
၃၄ လွှတ်တော်အရာရှိတို့ဘွဲ့အမည်အရာရှိစာရင်း၊ ၇၄
၃၅ မြို့တိုက်တော်အရာရှိတို့၊ဘွဲ့အမည်စာရင်း၊ ၇၅
၃၆ ရှေ့ရုံးအရာရှိတို့ဘွဲ့အမည်စာရင်း။ ၇၆
၃၇ တရားရုံးအရာရှိတို့ဘွဲ့အမည်စာရင်း၊ ၇၆

မာတိကာခေါင်းစဉ်


၃၈ ဝင်းမှူးလေးယောက်တို့၏ဘွဲ့အမည်စာရင်း၊ ၇၆
၃၉ ကုန်းဘောင် (၁၁) ဆက် နန်းဘက်သက္ကရာဇ်၊ အိမ်နိမ့်၊ နန်းစံနေနံ၊ ဇာယားအင်းကွက်၊ ၇၇
၄၀ အလောင်းမင်းတရားကြီး၏ ဆွေတော်မျိုးတော် စာရင်း၊ ၇၇
၄၁ အလောင်းမင်းတရားကြီး၏သားတော်သမီးတော်များ ၇၈
၄၂ ကုန်းဘောင်(၁၁)ဆက်မင်းတို့မူလဇာတာပုံ ၇၉


မာတိကာပြီး၏

# မင်းတုန်းမင်းအတ္ထုပ္ပတ္တိတော်။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

ပဏာမဂါထာပါဠိနိဿယ။

(၁) တိနာထော နိုမိတံ မိမာန။ သီဟော မဇ္ဈောပုရသူရာ
သူနောဇိ၊ ဘိလာဏာ ညာတညဗ္ဗသယော ဒဟာမ၊ ထော
နာကလောဒေါရပရောဝရောဝိ။ ။ပဋိလောမကန္တရာဂါ
ထာ ၄၅ - လုံးဘွဲ့။

(၂) စက္ကက် ဝိတြွံသမ္ဗုဏ္ဏော။ စက္ကက်ဓမ္မဒေသကော၊
စက္ကက်ပါတုဇနိဿော၊ စက္ကက်ဇလဝံသကော။ ။ပဌျာ
ဝဏ္ဏစက်ဂါထာ။

(၁) ယောလောကနာထော အကြွင်လူသုံးပါးတို့ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ပိရော၊ လုံ့လကြီးတော်မူ၍၊ ဝရော၊ လွန်မြတ်တော်မူ၍၊ ဝရဒေါ မြတ်သော နိဗ္ဗာန်ကိုပေးတော်မူတတ်၍၊ မဟာဒယော၊ ကြီးသော ကရုဏာရှိတော်မူ၍၊ သဗ္ဗညုတဉာဏလာဘီ၊ သဗ္ဗညုတဉာဏ်ကိုရတော်မူ၍၊ ဇိနော၊ မာန်ငါးပါးကိုအောင်မြင်တော်မူ၍၊ ဝရော၊ လွန်မြတ်တော်မူ၍၊ သူရာသူရပုဇ္ဇော၊ နတ်အသူရာတို့ပူဇော်အပ်တော်မူ၍၊ မဟေသီ၊ သီလစသော ကျေးဇူးတရားတို့ကို ရှာမှီးတော်မူ၍လည်း မုနိန္ဒော၊ မုနိငါးပါးတို့ကိုအစိုးရတော်မူသော၊ တံလောကနာထံ၊ ထိုလူသုံးပါးတို့ကိုးကွယ်ရာဖြစ်တော်မူသော၊ မြတ်စွာဘုရားကို၊ အဟံ၊ အကျွန်ုပ်စည်ပြင်ဆရာအယ်ဒီတာဆရာအိုသည်၊ တိဟိရတနေဟိ၊ သုံးပါးသောရတနာမြတ်ကို၊ နမာမိ၊ ရှိခိုးပါ၏၊

[ ဂါထာအဆုံးကပြန်အနက်သဗ္ဗန်သည်။ ]

၂ စက္ကြာ်စိတြာသမ္ဘုဋ္ဌော၊ လျှံမအိမ်မွန်အစရှိသောတရား ရှစ်ကွက်သောစက်လက္ခဏာတို့ဖြင့်ဆန်းကြယ်တင့်တယ်သော ခြေစက်တော်အစုံနှစ်ဖြင်နှင့် ပြည့်စုံတော်မူတသော၊ စက္ကြာ် ဓမ္မဒေသကော၊ သုံးပါးသောအပြန်ဆဲ့နှစ်တန်သောအခြင်းအရာ ရှိသောဓမ္မစကြာဒေသနာကိုလည်းဟောတော်မူတတ်ထသော၊ စက္ကြာ်ဇလဓံသကော။မဟာအဏ္ဏဝ၀ဲလှိုင်းမဍ္ဍ၊ တိဗိဂ်လအစ်ရှိ သောငါးကြီးခြောက်စင်းတို့ကဲ့သို့ရက်ရောလတ်လတ်၊ဘွဲ့နှောင် သတ်ညှဉ်းတတ်သော၊ ကာမဿုဒ္ဓအစရှိသော နီဝရဏခြောက်ပါး တည်းဟူသော။ငါးကြီးခြောက်စင်းတို့၏၊ကွန့်မြူးကျက်စားရာ၊ ဇရာမရဏစသောလှိုင်းမထမ်းပိုးသံတို့ဖြင့်မွှမ်းသော။ သံသရာ စက်တည်းဟူသောမဟာသမုဒ္ဒရာရေအသဉ်ကို ဖျက်ဆီးတော် မူတတ်သော။ယောဇနာ။အကြင်မြတ်စွာဘုရားသည်။ အတ္တိ ရှိတော်မူ၏။တသဿဇိနသာ၊ထိုမြတ်စွာဘုရား၏။ စက္ကြာ်။အသု တဓမ္မဝဒလ္လကာ။စသည့်အပြား၊ကိုးပါးအင်္ဂါပြည့်စုံစွာသောသါ သနာတော်စက်ကို၊ဇနိဋ္ဌော၊မင်းတို့တက်မင်းဖြစ်တော်မူသော၊ မန္တလေးရတနာပုံပဥ္စမမြို့တည်နန်းတည်။ပဌမသင်္ဂါသနာတင်၊ ငါတို့အသျှင်ဘုရားရှင်မင်းတရားကြီးနှင့်။ သားတော်ဒုတိယနန်းစံ သီပေါမင်းတရားကြီးတို့၏၊အဋ္ဌုပ္ပတ္တိ။ အကြောင်းအရာတော် မြတ်ကို။လိခံ။လိခိ သာမိ။ရေးသားစီရင်ပေအံ့။

လိခလေခနေ။လိခတိ၊ သလ္လေခတိ။ အတိသံလေခတေ၀ါယံ သမဏောလေခါလေခနံလေခကော၊ လိခိတံ။သံလေခပ ဋိပတ္တိ(သဒ္ဒနီတိ)လေခလေခနေ၊ဘူ။ ဏ၀၊(အတိခဒ္ဒနိ ကာ)။လိခံဟုသံယုဂ်မရှိမှတော်လေသည်။

ပဏာမပြီး၏။

စာကြည့်တိုက် ရုံးအမှတ်(၄၃) နေပြည်တော်



## (၁) မင်းတုန်းမင်းကိုဖွားမြင်တော်မူ၍၊ မင်းသားတို့တတ်အပ်ရာသောအတတ်တို့ကိုတတ်မြောက်ခြင်းအကြောင်း။

ကုန်းဘောင်နွယ်ဖွားမင်းမျိုးမင်းစစ်ဖြစ်တော်မူသော၊ အလောင်းမင်းတရားကြီးမှ၊ ရှစ်ဆက်မြောက်၊ ရွှေဘိုမင်းတရားကြီး၏၊ တောင်ဆောင်ဘော်၊ ပုဂံမင်းရိုး၊ သာယာဝတီမြို့အဝင်၊ ပဒေသာတိုက်စားမိဘုရားတွင်၊ သက္ကရာဇ်(၁၁၇၆)ခု၊ ဝါဆိုလပြည့်ကျော်-၄ ရက်အင်္ဂါနေ့၊ ၂-ချက်တီးကျော်၊ စဉ်နာရီ ၂၁လုံး၁ပါဒ်၁၁ဗိဇ္ဇနာအချိန်၊ ပြိဿာဘွင်သောကြာ၊ မေထုန်တွင်တနင်္ဂနွေ၊ ကြိနိတွင် အင်္ဂါ၊ ဗုဒ္ဓဟူးရာဟု၊ သိဟ်တွင်ကြာသပတေး၊ တူတွင်လက်၊ မကာရတွင်၊ တနင်္လာ၊ စနေကြုံကြိုက်လျက်၊ မင်းတုန်းမင်းကိုဖွားတော်မူသည်၊

ဤသို့ဖွားမြင်တော်မူ၍၊ အစဉ်အလိုက်ရွှေနန်းတော်တွင်ကြီးပြင်းတော်မူပြီးလျှင်၊ ၁၂ နှစ်သားအရွယ်သို့ရောက်တော်မူသော်၊ သဲအင်းဆရာတော်အရှင်သူမိယထံ၌ဆည်းကပ်ခြင်း၊ ပုဂံဆရာတော်အရှင်ဂုဏာလင်္ကာရထံ၌ဆည်းကပ်ခြင်း၊ စလင်းသာသနာပိုင်အရှင်ပညာသီဟထံ၌ဆည်းကပ်ခြင်း၊ နေဘုံမောင်းတောင်ဆရာတော်ဦးဉာဏထံ၌ဆည်းကပ်၍၊ ဆန်း-အလင်္ကာ-သဒ္ဒါ အဘိဓာန်မှစ၍၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ဋီကာကျော်သင်ကြားတတ်မြောက်သည့်ပြင်၊ ငါးရာငါးဆယ်ဇာတ်နိပါတ်၊ အရပ်ရပ်သော လောက ဓမ္မ ရာဇ အကြောင်းသုံးပါးတို့နှင့်၊ တကွမင်းတို့တတ်အပ်သောပညာသိပ္ပတို့မှစ၍ ဓနုသတ်၊ ရာဇသတ်၊ ရာဇဝင်၊ မဟာဝင်၊ ဗုဒ္ဓဝင်၊ မင်းကျင့်တရားဆယ်ပါး၊ ၁၂ ပါး၊ ရာဇဂုဏ်ရှစ်ပါး၊ အပရိဟာနိယတရားခုနစ်ပါး၊ ရန်အောင်ကြောင်းတရားငါးပါး၊ သင်္ဂဟတရားလေးပါး၊ အစရှိသော၊ ကျင့်ဝတ်အဖုံဖုံ၊ အလုံးရတို့ကို၊ ကမ်းခတ်တတ်မြောက်တော်မူလေ၏။

ရွှေဘိုမင်းတရား၏တောင်ဆောင်တော်။ ပုဂံမင်းရှိသောယာ ဝတီမြို့အဝင်ပဒေသာတိုက်စါးမိဘုရားကြီးရှိတော်မူစဉ် ၁၁၇၆ ခု နှစ်ရွှေမြို့တော်မြေခံမျက်နှာ၊ မထဲအရပ်တွင်နန်းတော်ကြိုက်ညီရာ။ ရ တနာမဏ္ဍ။ ဘုရားကိုပြည်သူပြည်သားတို့အထူးသဖြင့် အုတ်အာ သောင်းသဲသွားလာကြပြီးလျှင်။ ဆွမ်းသင်ပုတ်ရေချမ်းကပ်လှူ ဘူးမြော်ပူဇော်ကြသည့်နောက်၊ မင်းတုံးမင်းကို ဘွားမြင်လေ သည်။ ၇ နှစ်ရွယ်သို့ရောက်သောအခါမယ်ယော်ဘုရားက၊ မောင် သည်မချွတ်ရွှေနန်းစည်းစိမ်ကိုရ၍၊ သာသနာတော်မြတ်အစီးအ ပွါးပြည်သူသတ္တဝါအပေါင်းတို့ အကျိုးစီးပွါးကိုရွက်ဆောင်နိုင် မည့်သူဖြစ်လိမ့်မည်ဟုမယ်တော်ဘုရားမိန့်ဆိုတော်မူခြင်း၊

အမရပူရမြို့တော်အနောက်တောင်ဆောင့် စံနေတော်မူရာင်း မင်္ဂလာအိမ်တော်အနီး ရွှေသင်ပင်ဘုရားရှေ့တွင်လည်း၊ ညောင် ပွင့်သည်ဆို၍၊ အုတ်အော်သောင်းသဲကြည့်ရှုဘူးမြင်ကြသည့်အ တိုင်း၊ မင်းတုန်းမင်းမင်းဖြစ်ရန်နိမိတ်များကိုငယ်ငယ်ကပင်ပြသ လေသည်၊

၁၂၀၈ ခုနှစ်တွင်၊ ခမည်းတော်ရွှေဘိုမင်းတရားကြီးနတ်ရွာ စံတော်မူသည်ဖြစ်၍။ နောင်တော်ပုဂံမင်းအမရပူရမြို့ နန်းကို တက်သိမ်းစံတော်မူလေသည်၊

ထိုသို့နောင်တော်ပုဂံမင်းနန်းတက်၍၊ တပေါင်းလဆန်း ၁၃ ရက်နေ့တွင်၊ ပြည်သူသတ္တဝါအပေါင်းတို့ငြိမ်ဝပ် ချမ်းသာစေ ခြင်းအကျိုးငှါ၊ တိုင်းရေးပြည်မှုမှစ၍၊ တရားစကားအရှက် အ တင်ရှိသည်များကိုလည်း၊ ညီတော်မင်းတုန်းမင်း၊ သီရိမဟာသီ ဟသူဓမ္မရာဇာကိုလွှတ်တက်၍၊ အသက် ၃၂ နှစ်တွင်။ တရားစီ ရင်စေရ၏။

ဘေးတော်မင်းတရား သားတော်၊ မဏ္ဍလာမင်း မဟာသီရိ သုဓမ္မရာဇာကိုလည်း၊ ညီတော်မင်းတုန်းမင်းနှင့်၊ လွှတ်သို့တက်၍ စီရင်စေရသည်၊

ဤသို့မင်းတုန်းမင်းတရားကြီးသည်၊ဓမ္မသတ်၊ရာဇသတ်မှစ၍၊ရာဇဝင်ဇာတ်နိပါတ်၊ မင်းခမ်းမင်းနားမင်းတို့ကျင့်ဝတ်တရားအထုံးစုံတို့နှင့်စာပေကျမ်းဂန် ပိဋကတ်တို့ကို၊ ဆရာတော်ဦးညွှေးယျှအထံတွင်မပြတ်မလပ် လေ့လာသင်ကြားတော်မူ၍ ပညာဗဟုသုတဉာဏ်ဘောလေ့လုံပြည့်စုံတော်မူခြင်းတို့ကြောင့် အကြံဉာဏ်ကြီးမြတ်တော်မူသသည်၊

မင်းတုန်းမင်း၏ ညီတော်အရင်းဖြစ်သော၊ သာယာဝတီမြို့၊ ကနောင်မြို့များကို ခမည်းတော်၊ နောင်တော်ပုဂံမင်းတို့လက်ထက်ကပင်စားရ၍၊ညီတော်ကနောင်မင်းနှင့်ပင်၊မလွန်ရေး၊ထန်းတောအိမ်တော်ရာတွင်၊အနီးအပါးအတူကွ၊စံနေတော်မူကြလေသည်၊

### (၂) မင်းတုန်းမင်း၊ကနောင်မင်းတို့ကို၊အမှုရှာကြံခြင်း၊ခတနုသာသိမ်မြို့သို့ထွက်သွား တော်မူခြင်းအကြောင်း။

သက္ကရာဇ်-၁၂၁၄ ခုနှစ်တော်သလအတွင်း၊ပုဂံမင်းတရားကြီး၏အထိန်းတော်၊တောင်ပြုံးကြီးမြို့၊ဘသော်တမြို့စား၊မိဂ္ဂဲညီမ မိဘဲအိမ်ကိုထားပြတိုက်မှုနှင့်၊မင်းတုန်းအိမ်တော်၊ကနောင်အိမ်တော်က၊ အကြီးစာရေးတို့ကို၊ တောင်ဒါးဝယ်ဗိုလ်ငတုတ် ပုဏ္ဏားဝန်၊ လမိုင်းဝန်၊ငကုလားတို့က တောင်ဥယျာဉ်တွင်ချုပ်နှောင်၍၊ထားပြများကိုအတင်းအကြပ်ဘောင်း၍၊ မင်းတုန်းမင်း ကနောင်မင်းတို့ကိုအမှုရှာကြံကြသည့်အတွက်၊ညီတော်၊နောင်တော်တိုင်ပင်ညီညွတ်စည်းရုံးပြီးလျှင်၊ ၁၂၁၄ ခုပြာသိုလဆန်း ၈-ရက်သောကြာနေ့၊ညဥ့်၄ချက်တီးအချိန်၊ အမရပူရရွှေမြို့တော် ရှေ့မျက်နှာမြောက်စွန်း၊ လေးကျွန်းတံခါးက၊ ညီတော်ကနောင်မင်းနှင့်တကွသားတော်သမီးတော်၊ ကိုယ်လုပ်မောင်းမ၊ရဲမက်လူသူ ၃၀၀ ခန့်နှင့်ထွက်သွားရာ တံခါးဗိုလ်ကခုခံထားမြစ်သဖြင့်၊

တံခါးဗိုလ်ကို ဒါးနှင့်ခုတ်သတ်ပြီးလျှင်၊ မဟာမုနိဘုရားရောက်ရှာဟိုင်းဈေးလမ်းမှ။ အထက်စံတော်မူခဲ့ဘူးသော၊ တန်းတော်အိမ်တော်ရာသို့ကပ်လျက်ရွှေတချောင်းမြောင်းဘောင်မှ။ မကွာရာနယ်သို့စီးနင်းထွက်သွားပြီးလျှင်၊ ရတနာသိဂ်မြို့သို့ရောက်၍၊ တိုက်ခိုက်သိမ်းယူတော်မူလေ၏၊

## (၃) ရတနာသိဂ်မြို့မှ၊ အမရပူရမြို့ကို တိုက်ယူခြင်းအကြောင်း။

ထိုသို့ရတနာသိဂ်မြို့တော်မှ၊ လူသူခဲ့မက်အလုံးတို့ကိုစုရုံးပြီးလျှင်၊ ဗိုလ်ချုပ်သီလုံးဝန်မောင်ချင်းတီးကိုအုပ်ချုပ်စေ၍၊ အမရပူရရွှေမြို့တော် မြို့ရင်းသို့ချင်းကပ်တိုက်ခိုက်၍သည့်အတွင်း၊ ညီတော်အိမ်ရှေ့မင်းကိုလည်း၊ စစ်သည်သူခဲ့များစွာနှင့်စစ်ကိုင်းမြို့ကရပ်တန့်၍။ အမရပူရမြို့ကိုစစ်ဦးဘီလူးပေါ့ဝန်းဝိုင်းတိုက်ခိုက်ကြရာ။ အမရပူရမြို့ပေါက်၍၊ လိုင်မြို့စားမင်းသားကျသည်နှင့်၊ သက္ကရာဇ် ၁၂၁၄ ခု၊ တပေါင်းလဆန်း ၁၁ ရက်ကြာသပတေးနေ့နံနက်တချက်တီးအချိန်တွင် ပုဂံမင်းနှင့်တကွ၊ အမရပူရမြို့ကိုအောင်မြင်တော်မူ၍သိမ်းမြန်းတော်မူခသေသည်။

(ထိုမိဘုရားကြီးသည်။ ဝိဓူကတ် ဗေဒင် ကျမ်းတတ်မြောက်သောမိဘုရားကြီးဖြစ်လေသည်။)

:၁၂၁၄ ခုနှောင်းတန်ခူးလဆုတ် ၃ ရက်နေ့ညဥ့် ၂ ချက်တီးကျော် ၄ နာရီအချိန်။ အခါတော်ရ၍။ ခမည်းတော်ရွှေဘိုမင်းဘုရားကြီးဘုရား၏မိဘုရားခေါင်ကြီးတွင်မြင်တော်မူသောသမီးတော်၊ သီရိပဝရတီလေးကရတနာမင်္ဂလာဒေဝီကိုတောင်နန်းတင်တော်မူသည်။

ဘကြီးတော်ဘုရား သမီးတော်မြတ်ကို အလယ်နန်းတင်တော်မူသည်၊ မင်္ဂလာအိမ်တော်ပါမြောက်ဆောင်တော်မိဘုရားကို။ မြောက်နန်းတင်တော်မူသည်။

သက္ကရာဇ်၁၂၁၅ခု၊ ကဆုန်လအတွင်း၊နောင်တော်ပုဂံမင်းကို၊ဥဒေါင်းဆောင် တော်နှင့်တင်ဆောင်ပြီးလျှင်၊ညီတော်အိမ်ရှေ့မင်းက ကရဝိက်ဘောင်တော် ကိုစီး၍ရတနာ သိမ်မြို့သို့ ဆောင်ယူတော်မူခဲ့လေ၏။

အမရပူရစတုဗ္ဗနန်းစံပုဂံမင်းတရားကြီးသည်ကား ရွှေဘိုမင်းတရားကြီး၏မိဘုရားခေါင်ကြီးတွင်၊ မြင်တော်မူသောသားတော်ကြီးတည်း။သက္ကရာဇ် ၁၁၇၃ ခုဝါခေါင်လဆန်း ၂ ရက် သောကြာနေ့နေ့၂ချက်တီးကျော်ဖဘဝါးအချိန်စဉ်နက္ခတ် ၅လုံး ၂ပါဒ်၁၁ဗိဇနာ။ ပြိဿတွင်ဗုဒ္ဓဟူးကြာသပတေး၊သောကြာ။ မေထုန်တွင်တနင်္ဂနွေ၊တနင်္လာ။ကန်တွင်လက်ရာဟုဗြိဿာတွင် အင်္ဂါစနေကြုံကျက်ယှက်ဘွားမြင်လေသည်၊

သက္ကရာဇ်၁၂၀၈-ခု၊နတ်တော်လဆန်း (၁) ရက်စနေနေ့ မင်းဖြစ်တော်မူလေသည်။ သီရိသုဓမ္မတိလောကပဝရမဟာရာဇာဓိရာဇာတံဆိပ်နာမံခံတော်မူသည်၁၂၁၄ခု တပေါင်းလဆန်း ၁၁ရက်ကြာသပတေးနေ့တွင်နန်းကျတော်မူ၍ သီပေါမင်းတရားလက်ထက် ၊၁၂၄၁ခု၊ တပို့တွဲလနတ်ရွာစံတော်မူသည်၊ သက်တော်(၆၈)နှစ်-၇-လ၊သောကြာသားတည်း၊

### (၄) ဦးညောယျကိုသာသနာပိုင်တင်မြှောက်ခြင်း။<br>ညီတော်ကနောင်မင်းကိုအိမ်ရှေ့အဆောင်အရွက်ပေးခြင်း<br>ရတနာသိမ်မြို့မှအမရပူရမြို့သို့ပြောင်းစံတော်မူခြင်း<br>လှော်စကြာဆက်ခြင်း၊ဝန်ကြီးခန့်ခြင်း၊<br>ပတ္တမြားကျောက်တော်ဆက်ခြင်း။<br>ရာဇဝင်သစ်ရေးခြင်းများအကြောင်း။

သက္ကရာဇ် ၁၂၁၅ခုကဆုန်လတွင်၊ဦးညောယျကိုသာသနာပိုင်တင်မြှောက်တော်မူပြီးလျှင်၊ ဒုတိယဝါဆိုလဆန်း၆ရက်နေ့တွင်အခါတော်ရသည်နှင့်၊ညီတော်ကနောင်မင်းကိုအိမ်ရှေ့နှင်း

တော်မူ၍၊ အဆောင်အရွက်အစီးအနင်း။ ပေးတော်မူပြီးလျှင်။ ရတနာသိဒ်မြို့တော်တွင်မှူးတော်မတ်တော်တို့နှင့် ညီနှိုင်းတိုင်ပင်တော်မူပြီးလျှင် အမရပူရရွှေမြို့တော်သို့ ရွှေ့ပြောင်းတော်မူရန် သံတော်ဦးတင်ချက်အရ။ ၁၂၁၅ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့နံနက် ၄ ချက်တီးကျော် ၆ မောင်းအချိန်တွင် အခါတော်ရသည်နှင့်၊ ရဟန္တာရုပ်ပွါး။ ပိဋကတ်စာတော်။ဆရာတော်သင်္ဃာတော်အပေါင်းနှင့်ကျောက်မြောင်းသိမ်မှ။အမရပူရမြို့သို့၊ ငွေထပ်ကြည်းတပ်နှင့်တကွ၊ ပြောင်းရွှေ့စံတော်မူလေ၏။

ထိုနှစ်တပို့တွဲလတွင်။ရှိုင်းပုမြို့စား။ မိုးနဲတပ်စစ်ကဲကြီးက။သံလွင် အရှေ့ဘက်တပ်ဦးတော်ရှေ့တွင် အလျားတမိုက်တသစ်ပြက်၂ သစ်ရှိသောမိုးကြိုး လှံစကြာကို ရ၍ဆက်လာရလေသည်၊

ပုခန်းကြီးမြို့စား အတွင်းဝန်ကို–ဝန်ကြီး ခန့်တော် မူသည်။

၁၂၁၅–ခု၊ နှောင်းတန်ခူးလတွင်။ ကျိုင်းရုံးကြီး သေဉ္ဇိဝိတ္တား စော်ဘွားနှင့်–၁၂ ပန္နါးဒေါ်ဘယားအမတ်တို့က။ လုံးပတ်တမိုက်လေးသစ်။ အချိန်–၂၅– ကျပ်ရှိသော။ ထူးမြတ်သည့်ပတ္တမြားကျောက်တော်ကို။စစ်ကဲမင်းထင် မင်းလှကျော်–ကြီးကြပ်၍ဆက်လာရ၏။

ဘကြီးတော်မင်းတရားလက်ထက်က။ဗိကျုန်းရေးသားသည့်မှန်နန်းရာဇဝင်တော်သည်။ ၁၁၈၃–ခုနှစ်မှ။ နတ်တော်လတိုင်ရေးသားရှိသည်။ ၎င်းရာဇဝင်တော်ကို။ ပဉ္စမ မဟာရာဇဝင်တော်ကြီးဟုတွင်စေရမည်၊

ငါ့ရွှေလက်ထက်တော်နှိုက်ရေးသားတော်မူသောမဟာရာဇဝင်တော်ကို။ဒုတိယ မဟာရာဇဝင်တော်ကြီးတွင်စေဟု အမိထုတ်ပြန်တော်မူချေသည်၊

### (၅) ဥကင်တော်ဘွင့်၍တံဆိပ်နာမံခံခြင်း။မဟာမိတ်ရာဇသံလာရောက်ခြင်း။ပိဋကတ်တော်များရေးသားခြင်း။မိဏ္ဍိလာကန်ကြီးပေါက်ခြင်းအကြောင်း။

သက္ကရာဇ်။ ၁၂၁၆–ခု၊နယုန်လပြည့်ကျော် (၆) ရက်နေ့နံနက်တချက်တီးကျော်အချိန် ဥကင်တော်ဖွင့်၍၊ အရှင်မိဘုရားခေါင်ကြီးဘုရားနှင့်ထံဆိပ်နာမံခံတော်မူသည်။

၁၂၁၇–ခုနှစ်။တပို့တွဲလတွင်၊မဟာမိတ်အဖြစ်လက်ဆောင်ရာဇသံရွှေပေနှင့်လာရောက်သည်။

၁၂၁၈–ခုနှစ်။ တန်းခူးလကစ၍ ပိဋကတ်တော် များကို၊ ဆရာတော် သယ်ာတော်တို့ တည်းဖြတ်ရေးသားတော် မူလသည်။ ။တန်ဆောင်မုန်းလတွင်၊မိဏ္ဍိလာကန်တော်ကြီးကြိုးပေါက်သည်ကို၊အတွင်းဝန်ဝက်မစွတ်မြို့စား၊မင်းကြီး-မဟာအဘယကိုဆည်ဘို့လုပ်ဆောင်စေတော်မူသည်။

### (၆) မန္တလေးအရပ်သို့မြတ်စွာဘုရား ၂-ကြိမ်မြောက်ကြွလာတော်မူခြင်း အကြောင်း၊

မြတ်စွာဘုရားသခင်သည်၊ဇေတဝန်ကျောင်းတော်မှ၊ မဟာပုဏ္ဏ ရူဠပုဏ္ဏတို့၏။ သရက္ကန်စန္ဒကူးကျောင်းတော်ကို အလှူခံတော်မူ၍ စံနေတော်မူခြင်းကိုအကြောင်းပြု၍၊ ပုဏ္ဏောဝါဒသုတ်အရ။သုနာပရန်တ-စွဒ္ဒိပတိုင်းသို့ကြွလာတော်မူသောအခါ ။အနာဂါတ်အခါ၌ သာသနာတော်တည်ရန်။တိုင်းပြည် ထီးနန်းစိုက်ဆောက်ရန် အရပ်ဒေသများသို့ အစဉ့်အတိုင်း ဒေသစာရီကြွသွားတော်မူမြဲဖြစ်သည့်အလျှော် ဒေသစာရီကြွချီ၍လာတော်မူရာ။ ထွန်တုန် ပူတက် အရပ်သို့ရောက်တော်မူ၍။ ၎ တောင်ပြုံး ၎-တောင်မြင့်။ ၎-တောင်ကြည်း။ ၎-တောင်သမန်-အမည် ရှိ

သော ဘီလူးလေးယောက်တို့သည်၊ဘုရားနှင့်တကွ၊သံဃာတော်ငါးရာတို့အားသားပြွမ်းဆွမ်းဖြင့်၊ကပ်လှူပူဇော်ကြ၍။ မြတ်စွာဘုရားဗျာဒိတ်သားတော်မူသည်မှာ၊နောင်သောအခါ၌အရပ်၌။ ရတနာပုံ မဟာရာဇဓာနီမင်းနေပြည်ကြီးဖြစ်လတ္တံ့၊ ဤဘီလူးလေးယောက်တို့သည်လည်း။မင်းစစ်မင်းကောင်းဖြစ်လတ္တံ့။ ငါဘုရား သာသနာတော်ကို လွန်စွာချီးမြှောက်လတ္တံ့။ ဤအရပ်သည်။ ကောက္ကုသံဘုရားလက်ထက်၌၊ ဒိဋ္ဌာသဝပူရအမည်ဖြင့်စိပင်ပွင့်လင်းခဲ့ပြီ။ကောဏာဂုံ ဘုရားလက်ထက်၌၊ ဝေလုဝမပူရအမည်ဖြင့် စိပင်ပွင့်လင်းခဲ့ပြီ၊ ကဿပ ဘုရား လက်ထက်၌၊ ပါဒဿပူရအမည်ဖြင့်စိပင်ပွင့်လင်းခဲ့လေပြီ၊ငါဘုရားလက်ထက်၌။ရတနာပုံ မဟာရာဇဓာနီနေပြည်တော်ကြီးဖြစ်လတ္တံ့ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူ၍ ငါဘုရားအလောင်းတော်သည်။အတိတ်ဘဝအခါကာလက။ ဤအရပ်၌။မုဆိုးသား။ဖွတ်မင်း။ငုံးမင်း ဆင်မင်းဖြစ်ခဲ့ဘူးပြီဟုမိန့်တော်မူလေသည်။

နောင်တဖန်မြတ်စွာဘုရားသခင်သည်၊ အရှင်သာရိပုတ္တရာနှင့်ကြွတော်မူသောအခါ။ချစ်သား-သာရိပုတ္တရာ၊ငါဘုရားသည် အတိတ်ဘဝအခါက၊ဤမန္တလေးတောင်၌။ ဆတ်မင်းဘဝ၊ငုံးမင်းတခါဖြစ်ခဲ့ဘူးပြီ။ကောက္ကုသံဘုရားလက်ထက်၊ အရိမတ္တရာဟုတွင်ခဲ့လေပြီ။ ကောဏာဂုံ ဘုရားလက်ထက်- အားပတ္တရာဟုတွင်ခဲ့လေပြီ။ ကဿပဘုရားလက်ထက်ရောဝတီဟုတွင်ခဲ့လေပြီ၊ ငါဘုရားလက်ထက်၌။မန္တလေးတောင်တွင်လေသည်ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူကြောင်းများကို၊ ကျမ်းဂန် စာတမ်းများ၌ ပါရှိလေသည်။ (အချို့ အပ္ပသုတပုဂ္ဂိုလ်တို့က။ မြတ်စွာဘုရားသည်မဇ္ဈိမဒေသအရပ်ကလွဲ၍။ပစ္စန္တရာဇ်အရပ်များသို့ မကြွမသွားဘူးဟူသောစကားများကို အပြောအဆိုအငြင်းအခုံရှိကြသည်ကိုကြားဘူးတွေ့ဘူး၏။ဤသူများသည်အပ္ပသုတပုဂ္ဂိုလ်ဟုအမှန်ယူရာ၏ )

မြတ်စွာဘုရားတို့မည်သည်မှာ၊ သတ္တဝါများအတွက် ပွင့်တော်မူကြလေသည်။ မဟာကရုဏာဉာဏ်တော်ဖြင့်ကျွတ်အံ့သော သတ္တဝါ၊တရားရအံ့သောသတ္တဝါ၊ သာသနာတော်အနာဂါတ်ကာသတို့၌စည်ပင်တောက်ပအံ့သောအခါကာလကို မြင်တော်မူ၍၊ဒေသစာရီကြွချီတော်မူခြင်း၊ဗျာဒိတ်စကားမိန့်ကြားတော်မူခြင်းများသည်။ထိုထိုစာပေကျမ်းဂန်တို့၌များစွာရှိလေသည်၊ အခြား စကြာဝဠာတို့၌လည်း ကိုယ်တိုင်မားမား ကြွသွားတော်မူသည်မှာ၊ထိုအခြားစကြာဝဠာသားတို့သည်။တရားတော်ကိုနာရ၍၊ဤစကြာဝဠာအတွင်းသို့ပဋိသန္ဓေဖြစ်လာရခြင်း။ဤဇမ္ဗူဒီပါတောင်ကျွန်း၌ဖြစ်သာရခြင်း။အကြောင်းများကို ရှုမြော်တော်မူပြီးလျှင်ကြွတော်မူရလေသည်၊ ဤသို့ပညာဝေသတ္တဝါ ကဉာဏ်ဖြင့်ကြံစီအပ်လှပေသတည်း။

မင်းဝန်စသောတောင်၊ရောဂတီစသောမြစ်တို့၏ အကြား၌ ကျောက်တိုင်၌ စာတခုရှိလေသည်မှာ၊ မန္တလေးဟု နီးငေးပတ်ချုပ်၊ ထီးနှယ်အုပ်၍ ရှာ လှုပ်မနိုင်၊ တင်းတင်ခိုင်လျှက်–ဟူ၍ ကျောက်အက္ခရာထိုးမှတ်သည်ကိုရရှိကြရလေသည်။

### (၇) မင်းတုန်းမင်းတရားကြီးသည်၊မန္တလေးမြို့ကို တည်ထောင်စံနေရန်အကြံဖြစ်ခြင်း အကြောင်း။

သက္ကရာဇ် ၁၂၁၄ ခု၊တပေါင်းသဆန်း-၁၁-ရက် ကြာသပတေးနေ့၊နံနက်တချက်တီးအချိန်တွင်။အမရပူရရွှေမြို့တော်ကြီးကို။သိမ်းမြန်းပိုးစံတော်မူပြီးလျှင်။ဤသို့အကြံတော်ဖြစ်၏။

ငါအရှင်ဧကရာဇ်မင်းမြတ်သည်၊ ဒေဝါနံပိယတိဿ၊ ကာလာသောက၊ဓမ္မာသောကမင်းတို့ကဲ့သို့၊သာသနာတော်မြတ်ကို ကြည့်ရှုစောင့်ရှောက်လိုသော သမာသန္တ အာသီသ ရှိတော်မူသည်ဖြစ်၍၊တိုင်းသူပြည်သား၊သတ္တဝါအများကို-ရင်ငယ်သား

ဆက်လက်ဖတ်ရှုလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊

ဗဟိုစာကြည့်တိုက် ( e – Library)တွင်

လာရောက်ဖတ်ရှုနိုင်ပါသည်။

Cl
A